ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

ပထမနေ့မှတ်တမ်း

**၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက်**

**( ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၃ ရက် )**

**[ တနင်္လာနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ်ကို ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ကတိသစ္စာမပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာ ပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)အရ ကတိသစ္စာ မပြုရသေးတဲ့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက ဥက္ကဋ္ဌ ရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက စင်မြင့်ရှေ့မှာ နေရာယူပေးဖို့ ဖြစ်ပါတယ်။

ကတိသစ္စာကို တိုင်ပေးတဲ့အခါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် လောင်းများက လိုက်ဆိုဖို့ ဖြစ်ပါတယ်။

ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းမှာရှိတဲ့ ပုဂ္ဂိုလ်အားလုံး မတ်တတ် ရပ်ပေးကြဖို့ ဖြစ်ပါတယ်။

ကတိသစ္စာကို တိုင်ပေးတဲ့အခါ မိမိ ဆိုပြီးတဲ့နောက်မှာ မိမိ အမည်ကို ထည့်သွင်း ရွတ်ဆိုဖို့ ဖြစ်ပါတယ်။ (လိုက်ဆိုပါ)

"ကျွန်ုပ် - - - - - - - - - - - - - - သည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိ ရိုသေပါမည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ် ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ် မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

အားလုံး ထိုင်နိုင်ပါပြီ။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့မှာ လွှတ်တော်

အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၄.၁၂)ရာခိုင်နှုန်းရှိပြီး ထက်ဝက်ကျော်ဦးရေ တက်ရောက်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၁ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၇။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ ၁၃-၇-၂၀၂၀ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြား

သွားမှာ ဖြစ်ပါတယ်။ ယနေ့ အစည်းအဝေးတက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းလင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကျန်းမာရေး။ ဦးခင်အောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မင်းလတ်(ခ) ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်ကျော်ဖေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလင်းတင်ငွေ၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဗိုလ်မှူးကြီးအောင်လွင်၊ တပ်မတော်သား ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်တို့ပဲ ဖြစ်ကြပါတယ်။

ယနေ့ ခွင့်ပန်ကြားသူ(၁၃)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၁၀။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၁၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ကို တက်ရောက်ခွင့်ရှိတဲ့

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၃)ဦး ဖြစ်၍ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။**　။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း

**အချိန်၊ ၁၀:၁၂။**

**ဥက္ကဋ္ဌ။**　။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

လွှတ်တော်အစည်းအဝေးများကို ရပ်နားထားစဉ်ကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ရဲ့ မဲဆန္ဒနယ်မြေအသီးသီးမှာ မဲဆန္ဒရှင်ပြည်သူများနဲ့ တွေ့ဆုံပြီး လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းခြင်း၊ ပြည်သူများရဲ့ လိုအပ်ချက်များ၊ အခက်အခဲများကို သိရှိနိုင်ရေးအတွက် ကွင်းဆင်းလေ့လာခြင်းနှင့်အတူ ဒေသဖွံ့ဖြိုးရေးအတွက် တစ်တပ်တစ်အား ပါဝင် ဆောင်ရွက်ခဲ့ကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။

ယခု (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ကာလအတွင်းမှာလည်း လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာစွာဖြင့် နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် သယ်ပိုး ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၉ အရ လွှတ်တော် အစည်းအဝေးများတွင် ပထမတစ်နာရီသည် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်ရန်ဖြစ်သော်လည်း သတ်မှတ်ထားသည့် အချိန်အတွင်း မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း မပြီးဆုံးခဲ့ပါက အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ကို ကြိုတင်အသိပေးပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အကြောင်းအမျိုးမျိုးဖြင့် ပြည်ပနိုင်ငံများမှ တင်သွင်းလာသော သကြားသွင်းကုန်ပမာဏ များပြားလာသည့်အခါ ပြည်တွင်းသကြား ထုတ်လုပ်သူများနှင့် ကြံစိုက် တောင်သူများအပေါ် ထိခိုက်နစ်နာဆုံးရှုံးနေရခြင်းများအား လျော့နည်းသက်သာစေရန် မည်ကဲ့သို့ စီမံဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်က ပြည်ပနိုင်ငံများမှ သကြားများ ပြည်တွင်းကို တင်သွင်းရောင်းချနေခြင်းကိစ္စနှင့် ပတ်သက်ပြီးတော့ မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်တွင်းမှာရှိတဲ့ သကြားကုန်ကြမ်းသုံး စားသောက်ကုန်လုပ်ငန်းရှင်များဟာ ၎င်းတို့ရဲ့လုပ်ငန်းမှာ အသုံးပြုရန်အတွက်

ပြည်ပမှ Refined Sugar သကြားများကို ပြည်တွင်းသို့ တင်သွင်း၍ အသုံးပြုကုန်ချောထုတ်လုပ်ကြပါတယ်။ ကုန်သွယ်ရေးလုပ်ငန်းရှင်များကလည်း Re-export Permit, Import Licence များဖြင့် နိုင်ငံခြားမှ သကြားကို တင်သွင်းပြီး Transit Trade အနေနဲ့ နိုင်ငံဖြတ်ကျော်၍ တရုတ် နိုင်ငံကို ပို့ဆောင်ကုန်သွယ်ကြပါတယ်။ ဒီလို လုပ်ဆောင်ကြရာမှာ လိုင်စင်၊ ခွင့်ပြုချက်ဖြင့် တရားဝင်တင်သွင်းခြင်းများပြုလုပ်ကြသလို တချို့က နယ်စပ်များကနေ တရားမဝင် တင်သွင်းမှုများလည်း ပြုလုပ်နေကြပါတယ်။ ပြည်ပမှာ သကြားဈေးနှုန်းများ ကျဆင်းလာတဲ့အခါတိုင်း ပြည်တွင်းသကြားကုန်ကြမ်းသုံး စက်မှုလုပ်ငန်းရှင် တချို့ဟာ Refined Sugar များကို မိမိတို့လုပ်ငန်းရဲ့ လိုအပ်တဲ့ ပမာဏထက် ပိုမိုတင်သွင်းလာပြီး ပြည်တွင်းဈေးကွက်မှာ ရောင်းချခြင်း ကုန်သွယ်လုပ်ငန်းရှင်များကလည်း Re-export အမျိုးအစားနဲ့ တင်သွင်းလာတဲ့ သကြားများကို ပိုမို တင်သွင်းလာကြပြီးတော့ Transit မပို့တော့ဘဲ ပြည်တွင်းဈေးကွက်မှာ လွတ်လပ်စွာ ရောင်းချနေကြပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုသို့ပြုလုပ်တဲ့အခါတိုင်း ပြည်တွင်းထုတ်သကြားများဟာ ဈေးနှုန်းများ ကျဆင်း၍ လက်ကျန်ပမာဏ များပြားစုပုံပြီး ပြည်တွင်းသကြားစက်ရုံများရပ်နားထားရခြင်း၊ ကြံစိုက်တောင်သူများ အရှုံးပေါ်ခြင်း၊ ကြံသယ်၊ ကြံခုတ်လုပ်သားများ၊ သကြားစက်ရုံလုပ်သားများ အလုပ်လက်မဲ့ဖြစ်ရခြင်းများ အမြဲဖြစ်ပေါ်နေပါတယ်။ ဒါကြောင့် သကြားကုန်ကြမ်းသုံး စက်မှုလုပ်ငန်းရှင်များအနေနဲ့ ပြည်ပမှ သကြားတင်သွင်းမှုကို မိမိတို့လုပ်ငန်းလိုအပ်သလောက်ပမာဏသာ တင်သွင်းစေရန်နှင့် ထိုလုပ်ငန်းသုံးရန် တင်သွင်းခဲ့တဲ့ ပြည်ပသကြားများကိုလည်း ပြည်တွင်းဈေးကွက်မှာ ဖြန့်ဖြူးရောင်းချခြင်း မပြုလုပ်စေရန် Re-export Permit ဖြင့် တင်သွင်းလာတဲ့ သကြားများကိုလည်း အမှန်တကယ် Transit တင်ပို့စေပြီး ပြည်တွင်းမှာ ဖြန့်ဖြူးရောင်းချခြင်း မပြုလုပ်စေရန်နှင့် နယ်စပ်များမှ တရားမဝင် သယ်ဆောင်ကုန်သွယ်ခြင်းများ မပြုနိုင်အောင်လည်း ကြပ်မတ်တားမြစ်ရန် စတဲ့အချက်များကို စနစ်တကျ စီမံဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ သို့မှသာ Local Sugar Industry အနေဖြင့် ဖွံ့ဖြိုးတိုးတက်ပြီး အရည်အသွေးမြင့် သကြားတွေ တိုးတက်ထုတ်လုပ်လာနိုင်မှာဖြစ်သလို ပြည်တွင်းအသားတင် ထုတ်လုပ်မှု (GDP)လည်း မြင့်တက်လာမှာ ဖြစ်ပါတယ်။ မြန်မာ့ ကြံစိုက်တောင်သူတွေကိုလည်း ဖွံ့ဖြိုးတိုးတက်စေမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးငှာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပနိုင်ငံများမှ တင်သွင်းလာသော သကြားသွင်းကုန်ပမာဏများပြားလာသည့်အခါတိုင်း ပြည်တွင်းသကြား ထုတ်လုပ်သူများနှင့် ကြံစိုက် တောင်သူများအပေါ် ထိခိုက်နစ်နာ ဆုံးရှုံးနေရခြင်းများအား လျော့နည်းသက်သာစေရန် မည်ကဲ့သို့ စီမံဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ ဆဘောင်းထယ်ကျေးရွာတွင် နယ်စပ်ဈေးဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၇။**

**ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ ဆဘောင်းထယ် ကျေးရွာတွင် နယ်စပ်ဈေးဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ ဆဘောင်းထယ်ကျေးရွာသည် အိန္ဒိယနယ်စပ်နှင့် (၄)မိုင် အကွာတွင် တည်ရှိသော ကျေးရွာဖြစ်ပါတယ်။ ဆဘောင်းထယ်ကျေးရွာသည် အိမ်ခြေ (၂၄၂)အိမ်၊ လူဦးရေ(၁၃၆၂)ဦးရှိပြီး အခြေခံပညာအထက်တန်းကျောင်းနှင့် တက္ကသိုလ်ဝင်တန်း စာစစ်ဌာနရှိတဲ့ ကျေးရွာဖြစ်ပါတယ်။ အိန္ဒိယ-မြန်မာ နယ်စပ်ဈေး ဖွင့်လှစ်နိုင်ရေးအတွက် ၂၈-၅-၂၀၁၂ ရက်နေ့တွင် နေပြည်တော်၌ နှစ်နိုင်ငံနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြတယ်ဟု လေ့လာချက်များအရ သိရှိရပါတယ်။ ထို့အပြင် ပထမအကြိမ် အိန္ဒိယ-မြန်မာ နယ်စပ်ဈေးဖွင့်လှစ်နိုင်ရေး ပူးတွဲကော်မတီ အစည်းအဝေးကို ၈-၁၀-၂၀၁၂ ရက်နေ့တွင် ကျင်းပခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင် (၅)နေရာ၊ ချင်းပြည်နယ်တွင် (၅)နေရာ ဖွင့်လှစ်ရန် မူအားဖြင့် သဘောတူညီခဲ့ကြပါတယ်။

အဆိုပါ ချင်းပြည်နယ်၌ ဖွင့်လှစ်မည့်နေရာ (၅)နေရာတွင်လည်း ယခု ကျွန်တော် ပြောတဲ့ ဆဘောင်းထယ်ကျေးရွာလည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ဆဘောင်းထယ်ကျေးရွာ၌ နယ်စပ် ဈေးဖွင့်လှစ်ရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရည်မှန်းချက်မူကြမ်း နောက်ဆက်တွဲ(ခ) စာမျက်နှာ(၂၇)တွင် ပါရှိထားပြီး လည်းဖြစ်ပါတယ်။ ဆဘောင်းထယ်ကျေးရွာသည် မတူပီမြို့၊ ရေဇွာမြို့၊ လိုင်လင်းပီမြို့ကို ကားလမ်း နှင့် အလွယ်တကူ ဆက်သွယ်နိုင်သည့်အပြင် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်ရှိ ဂျပီးကျေးရွာနှင့် (၇)မိုင်အကွာသာဝေးပြီး ဆဘောင်းထယ်ကျေးရွာမှ ခရိုင်မြို့ဖြစ်တဲ့ ဆိုင်ဟာမြို့သို့ (၆၉)မိုင်ခန့်သာ ကွာဝေးပါတယ်။ ဆဘောင်းထယ်ကျေးရွာတွင် နယ်စပ်ဈေး ဖွင့်လှစ်ပေးနိုင်မည်ဆိုပါက ထန်တလန် မြို့နယ်၊ မတူပီမြို့နယ်၊ ပလက်ဝမြို့နယ်တို့မှာ ကျေးရွာပေါင်း (၈၀)ကျေးရွာနှင့် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်

ပြည်နယ်မှ ကျေးရွာပေါင်း (၄၂)ရွာအတွက် အကျိုးပြုမယ်လို့ သိရှိရပါတယ်။ ဆဘောင်းထယ်ကျေးရွာ၌ နယ်စပ်ဈေးဖွင့်နိုင်ဖို့အတွက် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်များတွင် အမှုတွဲများပြုလုပ်ကြပြီး သက်ဆိုင်ရာ အဆင့်ဆင့်သို့ တင်ပြထားပြီးလည်း ဖြစ်ပါတယ်။


ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပေးရန် တောင်းခံအပ်ပါတယ်။ ဒီဟာက ကျွန်တော်တို့ ချင်းပြည်နယ်ရဲ့ မြေပုံဖြစ်ပါတယ်။ အပြာနုရောင်နဲ့ခြယ်ထားတာ မတူပီခရိုင်ဖြစ်ပါတယ်။ ချင်းပြည်နယ်မှာ ဧရိယာအကျယ်ဆုံး ခရိုင်ဖြစ်ပါတယ်။ အနီရောင်မြားနဲ့ ပြထားတဲ့နေရာက ဆဘောင်းထယ်ကျေးရွာကို ပြထားတဲ့နေရာဖြစ်ပါတယ်။ ဒီဟာ ဆဘောင်းထယ်ကျေးရွာအနီးပတ်ဝန်းကျင်ရှိ မြန်မာ-အိန္ဒိယ နယ်နိမိတ်ကျောက်တိုင်များ ဖြစ်ပါတယ်။ တချို့နေရာမှာ (၅)မိုင်ဝေးတယ်။ တချို့နေရာမှာ (၇)မိုင်ဝေးတဲ့နေရာလည်း ရှိပါတယ်။ ၂၀၁၈-၂၀၁၉ ခုနှစ် အမျိုးသားစီမံကိန်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရည်မှန်းချက် မူကြမ်းစာအုပ်ရဲ့ စာမျက်နှာ (၂၇)မှာ မတူပီမြို့နယ်၊ ဆဘောင်းထယ်ကျေးရွာ နယ်စပ်ဈေးဖွင့်လှစ်ရန်ဆိုတဲ့ဟာ ပါရှိထားတာကို ဒီမှာတွေ့ရမှာဖြစ်ပါတယ်။

ဒါကြောင့် ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ ဆဘောင်းထယ်ကျေးရွာတွင် နယ်စပ်ဈေးဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။


ချင်းပြည်နယ်၏ မြေပုံ ပြပုံ (က)



ဆဘောင်းထယ်ကျေးရွာအနီးရှိ မြန်မာ–အိန္ဒိယ နယ်နိမိတ်ကျောက်တိုင်၏ မြင်ကွင်းပုံ (က–၁)



၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရည်မှန်းချက်များ (မူကြမ်း)စာအုပ် ပြပုံ(က–၂)



**အချိန်၊ ၁၀:၂၁။**

**ဥက္ကဋ္ဌ**။ ။မေးခွန်းများနဲ့ ပတ်သက်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၂၁။**

**ဦးအောင်ထူး(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များကို ကိုယ်၏ကျန်းမာခြင်း စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးထွန်းထွန်းဦး

မေးမြန်းသည့် အကြောင်းအမျိုးမျိုးဖြင့် ပြည်ပနိုင်ငံများမှ တင်သွင်းလာသော သကြားသွင်းကုန် ပမာဏများပြားလာသည့်အခါ ပြည်တွင်းသကြား ထုတ်လုပ်သူများနှင့် ကြံစိုက်တောင်သူများအပေါ် ထိခိုက်နစ်နာဆုံးရှုံးမှုများအား လျော့နည်းသက်သာစေရန် မည်ကဲ့သို့စီမံဆောင်ရွက်မည်ကို သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ရဲ့ ဖြေကြားချက်များကိုပေါင်းစပ်၍ ကျွန်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူး က ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ ကြံစိုက်ဧက (၄၅၀၉၃၁)ဧကရှိပြီး ကြံအထွက်မှာ တန်ချိန် (၁၁)သန်းကျော်ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ ကြံထုတ်လုပ်မှု၊ သကြားထုတ်လုပ်မှုနဲ့ ဈေးကွက်အခြေအနေများကို လေ့လာရာမှာ တစ်ဧက ကြံ အထွက်နှုန်း နိမ့်ကျနေခြင်း၊ ပြည်တွင်းသကြားစက် (၂၂)စက်မှာ သကြားညို Plantation Sugar တန်ချိန် (၄)သိန်း ထုတ်လုပ်နိုင်ပြီး သန့်စင်သကြား Refined Sugar ကို တန်ချိန် (၁၀၀၀၀)သာ ထုတ်လုပ်နိုင်တဲ့အတွက် ပြည်တွင်းသန့်စင်သကြား ဝယ်လိုအားကို လုံလောက်အောင် မထုတ်လုပ် နိုင်ကြောင်း တွေ့ရပါတယ်။ သကြားစက်အရွယ်အစားများကို ကြည့်မယ်ဆိုရင်လည်း အရွယ်အစား ဟာ တန်ချိန်(၄၀)ကနေပြီးတော့မှ တန်ချိန်(၉၀၀၀)အထိသာရှိပြီး အရွယ်အစားသေးငယ်တဲ့အတွက် စီးပွားရေးတွက်ခြေကိုက်မှု မရှိဘူးဆိုတာကို တွေ့ရပါတယ်။ သကြားစက်များမှ ထွက်ရှိလာတဲ့ ကြံဖတ်၊ တင်လဲရည် စသည်များကို လျှပ်စစ်ထုတ်လုပ်မှုနှင့် Ethanol ထုတ်လုပ်မှုအသုံးချနိုင်ရန် မူဝါဒများ ဆက်လက်ချမှတ်သွားရန်လည်း ရှိတယ်ဆိုတာကို တွေ့ရပါတယ်။ ဒီအပြင် ပြည်တွင်း သန့်စင်သကြား လိုအပ်ချက်များကြောင့် နယ်စပ်မှ တရားမဝင် တင်သွင်းခြင်းများကိုလည်း တွေ့ရှိရ ပါတယ်။ မြန်မာနိုင်ငံမှ ကြံစိုက်ပျိုးတောင်သူများနှင့် သကြားထုတ်လုပ်သည့် စက်ရုံများရဲ့ အကျိုး စီးပွားကို ကာကွယ်နိုင်ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းကြံစိုက်ပျိုးမှုနှင့် သကြားစက်များမှ ထုတ်လုပ်တဲ့ ကြံ၊ သကြား၊ သကာရည်၊ ကြံသကာ များကို ပြည်ပသို့ တရားဝင်တင်ပို့ခွင့်ပြုပေးလျက်ရှိပါတယ်။ တရုတ်နိုင်ငံသို့ သကြားတင်ပို့ခွင့် Quota ရရှိရေးကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ညှိနှိုင်းဆောင်ရွက်ထားပါတယ်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဇွန်လ ၂၆ ရက်နေ့အထိ မြန်မာနိုင်ငံမှ သကြားတင်ပို့မှုဟာ တန်ချိန် (၉၀၄၇၁)တန်မျှရှိပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလမှစတင်ပြီး ပြည်ပကို Re-export သကြားတင်သွင်း၊ တင်ပို့ခြင်းများကို ရပ်ဆိုင်းခဲ့ပြီးဖြစ်ပါတယ်။ ပြည်ပမှ သကြားတင်သွင်းမှုကို အမှန်တကယ်လိုအပ်နေတဲ့ သွင်းကုန် အစားထိုး စက်မှုကုန်ချောလုပ်ငန်း ထုတ်လုပ်နေသည့် လုပ်ငန်းများဖြစ်တဲ့ ကော်ဖီ၊ တီးမစ်၊ ကွေကာအုတ်လုပ်ငန်း၊ ဘူးနို့ဆီလုပ်ငန်း၊ အချိုရည်လုပ်ငန်း၊ (၂)လနှင့်အထက် ကြာရှည်အထားခံနိုင် သည့် မုန့်မျိုးစုံထုတ်လုပ်သည့် လုပ်ငန်းများနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ခွင့်ပြုချက်

ဖြင့် လုပ်ကိုင်နေသော ကုမ္ပဏီများကိုသာ အမှန်တကယ်လိုအပ်သော အရေအတွက်အတိုင်း စိစစ်၍ ပြည်ပမှ သန့်စင်သကြားကို တင်သွင်းခွင့်ပြုပေးလျက်ရှိပါတယ်။ ပြည်ပမှ သန့်စင်သကြားတင်သွင်းမှုဟာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဇွန်လ ၂၆ ရက်နေ့အထိ တန်ချိန် (၉၁၅၀၉)တန်မျှ ရှိပါတယ်။ တရားမဝင် သကြားတင်သွင်းမှုများကြောင့် သကြားထုတ်လုပ်သူလုပ်ငန်းရှင်များ ကြံစိုက်တောင်သူများရဲ့ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်ရေးနှင့် နိုင်ငံတော်ရဲ့ အခွန်ငွေရရှိမှုကိုလည်း မထိခိုက်နိုင်စေရန်အတွက် မြဝတီ၊ ရန်ကုန် ကုန်သွယ်မှုလမ်းကြောင်းရှိ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှာလည်း တရားမဝင်တင်သွင်းမှုမရှိစေရေးကို တာဝန်ယူစစ်ဆေး ဆောင်ရွက်လျက်ရှိတဲ့အပြင် ပြည်တွင်းဈေးကွက်ရှိရာ ရန်ကုန်မြို့၊ ဘုရင့်နောင်ဈေးအတွင်း အဓိက သကြားသိုလှောင်ဖြန့်ဖြူးသည့် လုပ်ငန်းရှင်များရဲ့ ဈေးဆိုင်၊ ဂိုဒေါင်များသို့လည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအဖွဲ့က စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်တွင်းသကြားထုတ်လုပ်သူများနှင့် ကြံစိုက်တောင်သူများအပေါ် ထိခိုက်နစ်နာဆုံးရှုံးနေရခြင်းကို လျော့နည်းသက်သာစေရန်နှင့် ကြံစိုက်ပျိုးမှုနှင့် သကြားထုတ်လုပ်မှု ဈေးကွက်ပျက်ပြားနေသည့် အခြေအနေကို ဖြေရှင်းဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မြန်မာ့ ကြံ၊ သကြားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး နှီးနှောဖလှယ်ပွဲတစ်ရပ်ကို ၁၁-၉-၂၀၁၉ ရက်နေ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကျင်းပခဲ့ပါတယ်။ ဒီအစည်းအဝေးကို နိုင်ငံတော်ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကိုယ်တိုင်တက်ရောက်ခဲ့ပြီး လွှတ်တော်ရေးရာကော်မတီများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး စိုက်ပျိုးရေးဝန်ကြီးများ၊ ကုန်သည်နှင့်စက်မှု လုပ်ငန်းရှင်များ အသင်းချုပ်၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ သကြားလုပ်ငန်းရှင်များနှင့် ပြည်တွင်းသကြား ရောင်းဝယ်ဖောက်ကားသူများ၊ ကြံစိုက်တောင်သူကိုယ်စားလှယ်များ ပါဝင်တက်ရောက် ဆွေးနွေးခဲ့ကြပါတယ်။ အဆိုပါဆွေးနွေးပွဲမှာ ကြံစိုက်ပျိုးသည်မှ ဈေးကွက်အထိ ဟန်ချက်ညီညီ ဆောင်ရွက်နိုင်ရန်အတွက် ကာလတိုဆောင်ရွက်ရမည့် လုပ်ငန်းစဉ်(၅)ရပ်၊ ကာလလတ် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် (၅)ရပ်၊ ကာလရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်(၂)ရပ်၊ စုစုပေါင်း လုပ်ငန်းစဉ်(၁၂)ရပ်ကို ဖော်ထုတ်ပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ့ ကြံ၊ သကြားကဏ္ဍဖွံ့ဖြိုးရေး နှီးနှောဖလှယ်ပွဲမှ ဆွေးနွေးရရှိတဲ့ရလဒ်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် ၁-၁၀-၂၀၁၉ ရက်နေ့တွင် တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် နိုင်ငံတော်ဒုတိယသမ္မတ(၂) ဦးဆောင်တဲ့ အဖွဲ့မှ သကြားကဏ္ဍနှင့် ငါးကဏ္ဍဖွံ့ဖြိုးရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတစ်ရပ်ကိုလည်းကောင်း၊ ၅-၁၂-၂၀၁၉ ရက်နေ့တွင် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အစည်းအဝေး (၂/၂၀၁၉)ကိုလည်းကောင်း ကျင်းပပြုလုပ်၍ ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ပါတယ်။

ထိုအစည်းအဝေးတွင် သကြားစက်များ အရှုံးပေါ်နေခြင်း၊ သကြားလက်ကျန်များ မရောင်းရခြင်းကြောင့် ငွေကြေးအခက်အခဲဖြစ်ပေါ်နေခြင်းကို ဖြေရှင်းရန် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဝင်ရောက်ထိန်းကျောင်း ဆောင်ရွက်ပေးရန်နှင့် စိုက်ပျိုးထားသော ကြံများကို ကုန်စင်အောင် ဝယ်ယူကြိတ်ဝါးပေးရေးတို့ကို အရေးကြီးကိစ္စအဖြစ် ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။ ထို့အပြင် ကြံစိုက်တောင်သူများရဲ့ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်လျှော့ချနိုင်ရေးအတွက် ကြံတစ်ကေအထွက်နှုန်း တိုးမြှင့်နိုင်ရန် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ အထွက်တိုး နည်းပညာများ ပြသခြင်းတို့ကို စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ခဲ့တဲ့အပြင် ကြံသီးနှံမှ အခြားသီးနှံပြောင်းလဲ စိုက်ပျိုးလိုသူများအတွက်လည်း စိုက်ပျိုးနိုင်တဲ့ သီးနှံပုံစံများအား နည်းပညာပေး ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးထွန်းထွန်းဦး မေးမြန်းတဲ့ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပနိုင်ငံများမှ တင်သွင်းလာသော သကြားသွင်းကုန်ပမာဏ များပြားလာသည့်အခါ ပြည်တွင်းသကြား ထုတ်လုပ်သူများနှင့် ကြံစိုက်တောင်သူများအပေါ် ထိခိုက်နစ်နာဆုံးရှုံးနေခြင်းအား လျှော့နည်းသက်သာစေရန် မည်ကဲ့သို့ စီမံဆောင်ရွက်မည်ကို သိရှိလိုခြင်းမေးခွန်းနှင့် ပတ်သက်၍ ပြည်တွင်းစက်မှုလုပ်ငန်းများတွင် လိုအပ်တဲ့ သန့်စင်သကြားများကို အကန့်အသတ်ဖြင့်သာ စိစစ်တင်သွင်းခွင့်ပြုခြင်း၊ ကြံနှင့် ကြံထွက်ပစ္စည်းများကို ပြည်ပသို့ လွတ်လပ်စွာ တင်ပို့ခွင့်ပြုခြင်း၊ တရားမဝင် သကြားတင်သွင်းမှုများကို တားဆီးဆောင်ရွက်ခြင်းနှင့် ကြံစိုက်ပျိုးသည်မှ ဈေးကွက်သို့ ရောက်သည်အထိ ဟန်ချက်ညီညီဆောင်ရွက်နိုင်ရန် ကာလတို၊ ကာလလတ်နှင့် ရေရှည်မူဝါဒများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းစသည့်နည်းလမ်းများဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးလားလ်မင်းထန် မေးမြန်းတဲ့ ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ ဆဘောင်းထယ်ကျေးရွာတွင် နယ်စပ်ဈေးဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့တို့၏ ဖြေကြားချက်များနှင့်ပေါင်းစပ်ပြီး ကျွန်တော်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူး က ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ – အိန္ဒိယနှစ်နိုင်ငံနယ်စပ်၌ နယ်စပ်ဈေးများဖွင့်လှစ်နိုင်ရေး နားလည်မှုစာချွန်လွှာကို ၂၈-၅-၂၀၁၂ ရက်နေ့တွင် မြန်မာနိုင်ငံ နေပြည်တော်မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ ယင်းနှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင်

ကျင်းပခဲ့သည့် ပထမအကြိမ် အိန္ဒိယ – မြန်မာနယ်စပ်ဈေး ပူးတွဲကော်မတီအစည်းအဝေး သဘော တူညီချက်အရ မြန်မာ– အိန္ဒိယ နယ်စပ်တစ်လျှောက် စစ်ကိုင်းတိုင်းဒေသကြီးတွင် (၅)နေရာနှင့် ချင်းပြည်နယ် (၅)နေရာတို့တွင် နယ်စပ်ဈေးများဖွင့်လှစ်ရန် မူအားဖြင့်သဘောတူညီခဲ့ကြပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၇–၉–၂၀၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့တဲ့ ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ အစည်းအဝေးအမှတ်စဉ် (၃၈/၂၀၁၄)ရဲ့ ဆုံးဖြတ်ချက် အရ မတူပီမြို့နယ်၊ ဆဘောင်းထယ်ကျေးရွာနေ တစ်ဖက်နိုင်ငံ ဆိုင်ဟာခရိုင်၊ တွီးပန်မြို့နယ် ဇောင်လဲန်းကျေးရွာတွင် နယ်စပ်ဈေးဖွင့်လှစ်လိုပါကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ တင်ပြချက်အရ အိန္ဒိယနိုင်ငံဘက်သို့ ဆက်လက်ညှိနှိုင်းပေးပါရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မေတ္တာရပ်ခံတဲ့အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနက ရန်ကုန်မြို့ရှိ အိန္ဒိယသံရုံးသို့ ၃၀–၁၀–၂၀၁၄ ရက်နေ့တွင် ဆက်လက်အကြောင်းကြား ညှိနှိုင်းခဲ့ပါတယ်။ သို့သော်လည်း ယင်းအကြောင်းကြားစာ နှင့် ပတ်သက်၍ အိန္ဒိယနိုင်ငံဘက်မှ တစ်စုံတစ်ရာ အကြောင်းပြန်ကြားလာခြင်းမရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှ ၂၉ ရက်နေ့အထိ အိန္ဒိယနိုင်ငံသို့ တရားဝင် အလည်အပတ်ခရီးသွား ရောက်ခဲ့တဲ့ နိုင်ငံတော်သမ္မတကြီး ဦးဝင်းမြင့် ရဲ့ ခရီးစဉ်အတွင်း ထုတ်ပြန်သည့် နှစ်နိုင်ငံ ပူးတွဲ ကြေညာချက်တွင် နယ်စပ်ဈေးများ ဖွင့်လှစ်ရေးနှင့်ပတ်သက်၍ နှစ်နိုင်ငံနယ်စပ်တစ်လျှောက် ဝေးလံ ခေါင်ဖျားသည့် ဒေသများတွင် နေထိုင်သည့် ပြည်သူများ၏ သာယာဝပြောမှုမြှင့်တင်ရေးအတွက် အရေးကြီးမှုကို အလေးထားလျက် နှစ်ဖက်စလုံးကို နယ်စပ်ဈေးများ ဖွင့်လှစ်ရေးအား ၂၀၁၂ ခုနှစ် တွင် နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာနှင့်အညီ ဦးစားပေး စီမံကိန်းတစ်ခုကို စတင်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြပြီး နယ်စပ်ဈေးများ စီမံခန့်ခွဲမှု နည်းလမ်းကို နှစ်ဖက်ညှိနှိုင်းသဘောတူပြီးပါက နယ်စပ်ဈေးများ ဖွင့်လှစ်နိုင်ရေးအတွက် ဆက်လက် ဆောင်ရွက်ရန် မျှော်မှန်းကြောင်း ဖော်ပြခဲ့ပါတယ်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ Pangsau Pass(Nampong) – စစ်ကိုင်းတိုင်းဒေသကြီး ပန်ဆောင် တွင် နယ်စပ်ဈေးဖွင့်လှစ်ရန် အိန္ဒိယဘက်မှ ညှိနှိုင်းအကြောင်းကြားလာပါသဖြင့် မြန်မာဘက်မှ သဘောတူညီပါကြောင်း နယ်စပ်ဈေးများဖွင့်လှစ်ရာတွင် လိုက်နာဆောင်ရွက်ရမည့် နယ်စပ်ဈေး များ စီမံခန့်ခွဲမှုနည်းလမ်း Mode of Operation အား မြန်မာဘက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ အကြား ညှိနှိုင်းဆဲဖြစ်ပါကြောင်းနှင့် Mode of Operation အား နှစ်ဖက်ညှိနှိုင်း သဘောတူလက်ခံ ပြီးပါက နယ်စပ်ဈေးများဖွင့်လှစ်ရန် ဆက်လက်ဆောင်ရွက်နိုင်ပါကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ တစ်ဆင့် အိန္ဒိယနိုင်ငံဘက်သို့ အကြောင်းပြန်ကြားခဲ့ပါတယ်။ နယ်စပ်ဈေးများ စီမံခန့်ခွဲမှုနည်းလမ်း ညှိနှိုင်းမှုနှင့်ပတ်သက်၍ မြန်မာဘက်မှ ၂၀၁၈ ခုနှစ် ဇွန်လတွင် ပြုစုပေးပို့ခဲ့တဲ့ နယ်စပ်ဈေးများ

စီမံခန့်ခွဲမှုနည်းလမ်းမူကြမ်းအပေါ် ယခုအခါ အိန္ဒိယနိုင်ငံဘက်မှ ထပ်မံပြင်ဆင်ဖြည့်စွက်၍ ပြန်လည်ပေးပို့လာပါသဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတို့ရဲ့ သဘောထားမှတ်ချက်များရယူ၍ ပြင်ဆင်ရေးဆွဲလျက်ရှိပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးလားလ်မင်းထန် မေးမြန်းတဲ့ မတူပီမြို့နယ်၊ ဆဘောင်းထယ်ကျေးရွာတွင် နယ်စပ်ဈေးဖွင့်လှစ်ရန်ကိစ္စနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံဘက်သို့ ညှိနှိုင်းအကြောင်းကြားထားဆဲဖြစ်ပါကြောင်း နှစ်နိုင်ငံနယ်စပ်ဈေးများ စီမံခန့်ခွဲမှုနည်းလမ်းကို သဘောတူလက်မှတ်ရေးထိုးပြီးပါက စစ်ကိုင်းတိုင်းဒေသကြီး ပန်ဆောင်တွင် နယ်စပ်ဈေးတစ်ခုကို ကနဦးစတင်ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပန်ဆောင်တွင် နယ်စပ်ဈေး ဖွင့်လှစ်ခြင်းဖြင့် ဒေသခံပြည်သူများအကျိုးရလဒ် ရရှိမှုအပေါ်အခြေခံ၍ အခြားနေရာများတွင် နယ်စပ်ဈေးများ ဆက်လက်ဖွင့်လှစ်သွားနိုင်ရေး အိန္ဒိယနိုင်ငံဘက်နှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ တစ်ဖက်မှာလည်း မတူပီမြို့နယ်၊ ဆဘောင်းထယ်ကျေးရွာတွင် နယ်စပ်ဈေးဖွင့်လှစ်နိုင်ရေးအတွက် မကြာမီပေါ်ပေါက်လာမယ့် နယ်စပ်ဈေးများ စီမံခန့်ခွဲမှုနည်းလမ်းနှင့်အညီ အခြေခံအဆောက်အအုံများကို ချင်းပြည်နယ်အစိုးရအဖွဲ့က ကြိုတင်စီမံထားရှိရန် လိုအပ်မှာဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။

**အချိန်၊ ၁၀:၃၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ရောဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ကွင်းသုံးဆင့်ကျေးရွာအုပ်စု၊ ကွင်းသုံးဆင့်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ ပျက်စီးယိုယွင်းနေသော အန္တရာယ်ရှိ ကျောင်းဆောင်အား ဖျက်သိမ်း၍ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၄။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၄။**


**ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့်တကွ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆန်းမြင့် ဖြစ်ပါတယ်။ ရေကြည်မြို့နယ်၊ ကွင်းသုံးဆင့်ကျေးရွာအုပ်စုမှာရှိတဲ့ ကွင်းသုံးဆင့် အခြေခံပညာအထက်တန်းကျောင်းရဲ့ အန္တရာယ်ရှိကျောင်းဆောင်ဟာ ကျောင်းသား အင်အားများလာလို့ ကျောင်းဆောင်မလုံလောက်တဲ့အထိ မိဘပြည်သူတွေရဲ့ ထည့်ဝင်ငွေ ကျပ်သိန်း (၉၀)နှင့် ၂၀၁၃ ခုနှစ်မှာ ဆောက်လုပ်ခဲ့တဲ့ ကျောင်းဆောင်ဖြစ်ပါတယ်။ ဒီကျောင်းဆောင်ဟာ ထရံကာ၊ ကွန်ကရစ်ခင်း၊ သွပ်မိုး (၉၀ x ၃၀)ပေ တစ်ထပ်ကျောင်းဆောင်ဖြစ်ပါတယ်။ ဆောက်လုပ် စဉ်က ငွေကြေးမလုံလောက်တဲ့အတွက် အမျိုးအစားမမှန် အရည်အသွေးမကောင်းတဲ့သစ်များကိုသာ သုံးခဲ့ရပါတယ်။ အကာမှာလည်း ယနေ့တိုင် ဝါးထရံဖြင့်သာ ကာရံနိုင်ခဲ့ပါတယ်။ ယခုအခါ သစ်မျိုး မမှန်ခြင်း၊ သဘာဝဘေးဒဏ်တို့ကြောင့် ဆွေးမြည့်ပျက်စီးလျက်ရှိပါတယ်။ ကျောင်းဆောင်ရဲ့ အမိုးပိုင်းမှာရှိတဲ့ ဒိုင်း၊ မြား၊ သစ်များလည်း ခြစားမှုများရှိကာ ပျက်စီးယိုယွင်းနေပါတယ်။ ဝါးထရံ တံခါးများ၊ အကာအရံများ ပေါက်ပြဲဆွေးမြည့်နေလို့ လုံခြုံမှုလုံးဝမရှိတော့ပါ။ အမိုးသွပ်များဟာ လည်း ပေါက်ပြဲဆွေးမြည့်နေပြီဖြစ်ပါတယ်။ ကျောင်းသားအင်အား (၁၄၀၀)ဦးခန့်ရှိတဲ့အတွက် နှစ်စဉ် တိုးတက်များပြားလာတဲ့ ကျောင်းသားအင်အားကြောင့် ကျောင်းဆောင် လုံလောက်မှုမရှိပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point တင်ပြခွင့်ပြုပါရန် လေးစားစွာ တောင်းခံအပ်ပါတယ်။ ကျောင်းဆောင်အခြေအနေကတော့ Power Point မှာ ဖော်ပြတဲ့အတိုင်း ပျက်စီးယိုယွင်းနေပြီဖြစ် ပါတယ်။ ဒီ အန္တရာယ်ရှိကျောင်းဆောင်ကို ဖျက်သိမ်းပြီးတော့ ကျောင်းဆောင်သစ်လျှောက်ထားရန် ကျွန်တော်ကိုယ်တိုင်ပဲ အကြံပြုခဲ့ပါတယ်။ ဒါကြောင့် ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ကွင်းသုံးဆင့်ကျေးရွာအုပ်စု၊ ကွင်းသုံးဆင့်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ ပျက်စီး ယိုယွင်းနေသော အန္တရာယ်ရှိကျောင်းဆောင်အား ဖျက်သိမ်းပြီး ကျောင်းဆောင်သစ်ဆောက်လုပ် ပေးရန် အစီအစဉ် ရှိ/မရှိ ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှိသေစွာ မေးမြန်းအပ် ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

ကွင်းသုံးဆင့်၊ အခြေခံပညာအထက်တန်းကျောင်းရှိ ဖျက်သိမ်းမည့် ကျောင်းဆောင်ဟောင်း၏ အခြေအနေ မှတ်တမ်းဓာတ်ပုံ (ခ)




ကွင်းသုံးဆင့်၊ အခြေခံပညာအထက်တန်းကျောင်းရှိ ဖျက်သိမ်းမည့် ကျောင်းဆောင်ဟောင်း၏ အခြေအနေ မှတ်တမ်းဓာတ်ပုံ (ခ-၁)



ကွင်းသုံးဆင့်၊ အခြေခံပညာအထက်တန်းကျောင်းရှိ ဖျက်သိမ်းမည့် ကျောင်းဆောင်ဟောင်း၏ အခြေအနေ မှတ်တမ်းဓာတ်ပုံ (ခ-၂)




**ကျောက်တော်မြို့နယ်အတွင်း ခွဆုံအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ မတင်မှိုင်ချောင်း အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် ကောက်ကျိုက်အခြေခံပညာမူလတန်းကျောင်းတို့တွင် ကျောင်းဆောင်သစ်တစ်ဆောင်စီကို ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၇။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့မှာ ကျန်းမာစွာနဲ့ ပြန်လည်ဆုံတွေ့ရတဲ့အတွက် ဝမ်းမြောက်မိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ ကိုယ်စားလှယ်တော်ကြီးများအားလုံးကို သာလီစွပါလို့လည်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ အမျိုးသားလွှတ်တော်မှာ ကျောက်တော်မြို့နယ်အတွင်း ခွဆုံအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ မတင်မှိုင်ချောင်း အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် ကောက်ကျိုက် အခြေခံပညာမူလတန်းကျောင်းတို့တွင် လိုအပ်တဲ့

ကျောင်းဆောင်တစ်ဆောင်စီကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်တော်မြို့နယ်တွင် ကျေးရွာပေါင်း (၂၈၃)ရွာ၊ လူဦးရေပေါင်း (၂၄၀၀၀၀)ကျော်ခန့်ရှိတဲ့ မြို့နယ်ဖြစ်ပါတယ်။ ပညာရေး နှင့်ပတ်သက်ပြီး အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းပေါင်း စုစုပေါင်း (၂၅၉)ကျောင်း ရှိပါတယ်။ အဲဒီအထဲမှာ အန္တရာယ်ရှိကျောင်းဆောင်များ၊ ဥပမိရုပ် မကောင်းတဲ့ ကျောင်းဆောင်များ၊ ကျောင်းသားနဲ့ ကျောင်းဆောင်မလုံလောက်တဲ့ ကျောင်းများ များစွာရှိနေပါသေးတယ်။ အသစ် ဆောက်လုပ်ပေးရန် လိုအပ်တဲ့ ကျောင်းဆောင်များလည်း ရှိနေပါသေးတယ်။ ကျွန်တော်တို့ အခု မေးမြန်းတဲ့ ခွဆုံကျေးရွာ အထက်တန်းကျောင်း(ခွဲ)ကျောင်းမှာ ကျောက်တော်မြို့နယ်ရဲ့ တောင်ဘက် အစွန်ဆုံးမှာကျတဲ့ မြို့နယ်မှာရှိတဲ့ ကျောင်းတစ်ကျောင်းဖြစ်ပါတယ်။ ခွဆုံကျေးရွာမှာ လူဦးရေ (၂၀၀၀)ဦးကျော်ရှိပြီး အိမ်ခြေ(၃၈၀)ရှိပါတယ်။ ကျောင်းသားဦးရေ (၄၆၈)ဦးရှိပါတယ်။ လက်ရှိ ကျောင်းဆောင်မှာ (၁၈၀ x ၃၀ x ၁၂)ပေရှိတဲ့ ကျောင်းဆောင် (၁)ဆောင်၊ (၆၀ x ၃၀ x ၁၂)ပေရှိတဲ့ အုတ်ညှပ်ဆောင်(၂)ဆောင်နှင့် (၆၀ x ၃၀ x ၁၂)ပေရှိတဲ့ ဝါးနဲ့လုပ်ထားတဲ့ ကိုယ်ထူကိုယ်ထဆောက် ထားတဲ့ ကျောင်းဆောင်(၁)ဆောင် အားလုံးပေါင်း ကျောင်းဆောင်(၄)ဆောင် ရှိနေပါတယ်။ ဥပမိရုပ် မကောင်းသော ကျောင်းဆောင်များ ဖြစ်နေပါပြီ။ အနီးတစ်ဝိုက်တွင်ရှိတဲ့ ကျောင်းများဟာလည်း ခွဆုံ အ.ထ.က(ခွဲ)ကိုပဲအားကိုးပြီး တက်နေရတဲ့ကျောင်းဖြစ်ပါတယ်။ ကျောင်းဆောင်နှင့် ကျောင်းသား များလောက်ငှမှုလည်း မရှိတော့ပါဘူး။ အရေးတကြီးလိုအပ်တဲ့ ကျောင်း(၁)ကျောင်း ဖြစ်ပါတယ်။

မတင်မှိုင်ချောင်း မူလွန်ကျောင်းမှာလည်း ကျောက်တော်မြို့ရဲ့အရှေ့မြောက်ထောင့်မှာ ရှိတဲ့ မှိုင်းချောင်းနယ်မြေမှာရှိတဲ့ ကျောင်း(၁)ကျောင်းဖြစ်ပါတယ်။ မတင်မှိုင်ချောင်းအုပ်စုအတွင်းမှာ ကျေးရွာအုပ်စုပေါင်း (၇)ရွာရှိပါတယ်။ သွားလာရေးခက်ခဲတဲ့ အရပ်ဒေသဖြစ်ပါတယ်။ ကျောင်းသား ဦးရေမှာ (၉၀)ဦးကျော်ခန့်ရှိပါတယ်။ လက်ရှိကျောင်းဆောင် (၆၀ x ၃၀ x ၁၂)ပေရှိတဲ့ ခြေတံရှည် ပျဉ်ခင်းပျဉ်ကာတဲ့ ကိုယ်ထူကိုယ်ထဆောက်ထားတဲ့ ကျောင်းဖြစ်ပါတယ်။ အန္တရာယ်ရှိကျောင်း ဆောင်ဖြစ်နေပါပြီ။ အသစ်ဆောက်လုပ်ရန် လိုအပ်တဲ့ကျောင်း ဖြစ်နေပါတယ်။ ကောက်ကျိုက် ကျေးရွာ အ.မ.က ကျောင်းမှာလည်း အောင်ဇေယျအုပ်စုမှာရှိတဲ့ ကျေးရွာတစ်ရွာဖြစ်ပါတယ်။ အိမ်ခြေ (၁၀၀)ကျော်ရှိပါတယ်။ ၁၉၈၅ ခုနှစ်မှစ၍ မူလတန်းကျောင်းအဆင့်ကို ကျောင်းအဖြစ် သတ်မှတ် ပေးခဲ့တဲ့ကျောင်းဖြစ်ပါတယ်။ အစိုးရကအသိအမှတ်ပြုခဲ့တဲ့ကျောင်းဖြစ်ပါတယ်။ (၄၅ x ၂၄ x ၁၂)ပေ ရှိတဲ့ ကိုယ်ထူကိုယ်ထ ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်ပြီး ပညာသင်ကြားနေတဲ့ကျောင်း ဖြစ်ပါတယ်။

ယခုအချိန်မှာ ဥပမိရုပ်မကောင်းတော့ဘဲ အန္တရာယ်ရှိကျောင်းဆောင်လည်း ဖြစ်နေပါပြီ။ ကျောင်းသားဦးရေက (၅၂)ဦးရှိပါတယ်။ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် လိုအပ်တဲ့ကျောင်း

တစ်ကျောင်းဖြစ်ပါတယ်။ အထက်ပါ ကျွန်တော် မေးမြန်းတဲ့ ကျေးရွာ(၃)ရွာဟာ စာသင်ကျောင်းများ အမှန်တကယ် လိုအပ်တဲ့အတွက် ကျေးရွာနေပြည်သူများရဲ့ တောင်းဆိုမှုအရ အမှန်တကယ် ဆောက်လုပ်ပေးသင့်တဲ့ ကျောင်းများဖြစ်ကြောင်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်။ ကျောက်တော်မြို့နယ်အတွင်းမှာ ခွဆုံ အ.ထ.က(ခွဲ) မတင်မိုင်ချောင်း(မူလွန်)၊ ကောက်ကျိုက် အ.မ.က ကျောင်းတို့တွင် လိုအပ်တဲ့ ကျောင်းဆောင် တစ်ဆောင်စီကို ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**ပညာသင်ထောက်ပံ့ကြေးများကို အခြေခံပညာရေးကဏ္ဍ၊ နည်းပညာနှင့် သက်မွေးပညာရေးကဏ္ဍ၊ အဆင့်မြင့်ပညာရေးကဏ္ဍတို့တွင် မည်သို့လျှောက်ထား ရွေးချယ်ပြီး မည်မျှပေးသည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၄၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၀။**

**ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းဂါရဝပြု နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်သို့ ပညာသင်ထောက်ပံ့ကြေးများကို ပညာရေး ကဏ္ဍအားလုံးတို့မှာ မည်သို့လျှောက်ထားရွေးချယ်ပြီး မည်မျှထောက်ပံ့ပြီးသည်ကို သိရှိလိုခြင်း ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သည် ကျောင်းပညာရေးကို အခြေခံ ပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေး၊ အဆင့်မြင့်ပညာရေးဟူ၍ ကဏ္ဍခွဲခြား ဆောင်ရွက်နေ တာဖြစ်ပါတယ်။ အခမဲ့ မသင်မနေရ မူလတန်းပညာရေးကို ဦးတည် အကောင်အထည်ဖော်ပြီး အဆင့်ဆင့် တိုးချဲ့ဆောင်ရွက်ရေးစတဲ့ မူဝါဒများ လူတိုင်းအကျုံးဝင်ပညာရေးအရ ပညာသင်ယူမှု အခွင့်အလမ်းနည်းပါးသော အခက်အခဲရှိသော ကျောင်းသား၊ ကျောင်းသူများအတွက် အခြေခံပညာ ကျောင်းများမှာ လက်ခံသင်ကြားပြီး ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်မယ်ဆိုတဲ့ လုပ်ငန်းစဉ် များ၊ နည်းပညာ၊ သက်မွေးပညာနှင့် ကျွမ်းကျင်မှုအခြေပြု ကာလတိုသင်တန်းများမှာ တက်ရောက် နေတဲ့ ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးများ လစဉ်ထောက်ပံ့ပေးမယ်

ဆိုတဲ့ လုပ်ငန်းစဉ်များ အဆင့်မြင့်ပညာတက်ရောက်နေတဲ့ ဆင်းရဲနွမ်းပါးသော ကျောင်းသား၊ ကျောင်းသူများကို ပညာသင်ထောက်ပံ့မယ်ဆိုတဲ့ လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေတယ်လို့ သိရှိရပါတယ်။

မူလတန်း၊ အလယ်တန်း၊ အထက်တန်း အဆင့်အားလုံး အခမဲ့ပညာရေးဖြစ်သည့်တိုင် ထောက်ပံ့မှုရရှိမှ ကျောင်းတက်နိုင်မယ့် ကျောင်းသားများ၊ လုပ်ငန်းတွင် အလုပ်လုပ်နေရသော ကျောင်းသားများ၊ ငွေကြေးအကူအညီလိုအပ်နေကာ ပညာတစ်ပိုင်းတစ်စနှင့် ကျောင်းထွက်တော့မယ့် ကျောင်းသား၊ ကျောင်းသူများအား ပညာဆက်လက်သင်ယူဖို့ ပညာသင်ထောက်ပံ့ကြေးအစီအစဉ် ပေါ်ပေါက်လာတယ်လို့ သိရှိရပါတယ်။ ပညာသင်ထောက်ပံ့ကြေးအစီအစဉ်ဟာ ကလေးများ ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိသားစုများအား ငွေကြေးထောက်ပံ့ပေးခြင်းဖြစ်ပြီးတော့ကား ''ထောက်ပံ့ကြေးငွေသုံးစွဲပေး ကလေးများအတွက်ပညာရေး မိဘပြည်သူများပါဝင်မနေး''ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ နိုင်ငံတော်သည် ပညာရေးအတွက် ပညာသင်ထောက်ပံ့ကြေးအစီအစဉ် ကျယ်ကျယ် ပြန့်ပြန့်ဆောင်ရွက်နေတာဖြစ်ပေမယ့် လမ်းပန်းဆက်သွယ်ရေးဝေးလံခက်ခဲတဲ့ ပြည်နယ်အစွန် အဖျားများနဲ့ တိုင်းဒေသကြီးများအားလုံး လက်လှမ်းမီသိရှိဖို့ လိုအပ်ပါတယ်။

ပညာဆက်လက်သင်ယူရန် ငွေကြေး အကူအညီအလွန်လိုအပ်နေသော ကျောင်းသား၊ ကျောင်းသူများအား မည်သူက စာရင်းကောက်ယူပြီး မည်သူတွေက စိစစ်ကာ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တစ်ဦးတစ်ယောက်လျှင် မည်မျှထောက်ပံ့ပေးပြီး လူဦးရေ ဘယ်လောက်အထိ ထောက်ပံ့မလဲ ထောက်ပံ့ကြေးချီးမြှင့်ထားသော ကျောင်းသား၊ ကျောင်းသူများ ကျောင်းမှန်မှန် တက်ရမယ်။ မည်သည့်အကြောင်းပြချက်ဖြင့်သာ ကျောင်းပျက်ခွင့်ရှိတယ် စသဖြင့် သတ်မှတ် စည်းကမ်းချက်များရော မည်သို့ရှိသည်ကို သိရှိလိုခြင်းဖြစ်ပါတယ်။ နည်းပညာ၊ သက်မွေးပညာရေး တက်ရောက်နေသူ အားလုံးနီးပါးကိုလည်း လစဉ်ထောက်ပံ့သည်ဖြစ်ရာ တစ်ဦးလျှင် မည်မျှနှင့် လူဦးရေ မည်မျှထောက်ပံ့သည်ကို သိရှိလိုခြင်းဖြစ်ပါတယ်။ အဆင့်မြင့်ပညာရေး တက်ရောက် သင်ယူသူ ဆင်းရဲနွမ်းပါးသူ ကျောင်းသား၊ ကျောင်းသူများကို ပညာသင်ထောက်ပံ့သည်ဖြစ်လို့ ဆင်းရဲ နွမ်းပါးသူတိုင်းလား ဒါမှမဟုတ် မည်မျှအကန့်အသတ်ဖြင့် မည်သည့်အစည်းအဝေးကော်မတီက ဘယ်လို စိစစ်ရွေးချယ်ထောက်ပံ့သည်ကို သိရှိလိုခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ၂၀၁၉-၂၀၂၀ ယခုဘဏ္ဍာနှစ်မှာ ကဏ္ဍ(၃)ရပ်စလုံးအတွက် ပညာသင်ထောက်ပံ့ ကြေး ကျပ်သန်းပေါင်း (၁၇၀၀၀)ကျော် လျာထားထောက်ပံ့ခဲ့တယ်လို့ သိရှိရပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစ၍ ယခုနှစ်အထိ အခြေခံပညာကဏ္ဍ၊ နည်းပညာနှင့်သက်မွေးပညာကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍ၊ ကဏ္ဍအားလုံး တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ကျောင်းသား၊ကျောင်းသူ စုစုပေါင်းအား ပညာသင်ထောက်ပံ့ကြေးများ မည်မျှထောက်ပံ့ခဲ့သည်ကို ကျောင်းသူ၊ ကျောင်းသားများ၊

မိဘပြည်သူများကိုယ်စား သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တလေးတစားမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ကော့ဒွတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် (၁၂၀ x ၃၀ x ၂၀) ပေ RC နှစ်ထပ် ကျောင်းဆောင်အသစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၄၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၄။**

**ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်ဝပါစေကြောင်း ဦးစွာပထမနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်သီဟ ဖြစ်ပါတယ်။

ကျွန်တော် ဒီနေ့မေးမြန်းမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ကော့ဒွတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှာ ကျောင်းသားဦးရေနှစ်စဉ်တိုးပွားများပြားလာခြင်းကြောင့် လာမည့်ဘဏ္ဍာရေးနှစ်တွင် (၁၂၀ x ၃၀ x ၂၀) ပေ RC နှစ်ထပ် ကျောင်းဆောင်အသစ်တစ်ဆောင် လျာထားဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ကော့ဒွတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအား နှစ်စဉ် ကျောင်းသား၊ ကျောင်းသူဦးရေ တိုးတက်များပြားလာနေတဲ့ စာသင်ကျောင်းတစ်ကျောင်းဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ ကျောင်းသား၊ ကျောင်းသူဦးရေ(၉၀၂)ဦး ပညာသင်ကြားလျက်ရှိရာမှ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ ကျောင်းသား၊ ကျောင်းသူဦးရေ (၉၈၉)ဦး ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှာ ကျောင်းသား၊ ကျောင်းသူဦးရေ (၁၀၇၄)ဦးအထိ နှစ်စဉ်နှစ်တိုင်း ကျောင်းသားဦးရေများပြားလာနေတဲ့ စာသင်ကျောင်းတစ်ကျောင်းဖြစ်ပါတယ်။

အဆိုပါ ကော့ဒွတ်ကျေးရွာအုပ်စု ဘေးပတ်ဝန်းကျင်ကျေးရွာအုပ်စု ကျေးရွာများဖြစ်သော ကော့ချကျေးရွာနဲ့ ကူးတို့ဆိပ်ကျေးရွာတို့မှ စတုတ္ထတန်းအောင်ပြီး အလယ်တန်းအဆင့်သို့ ကျောင်း

တက်လာသူ ကျောင်းသားဦးရေ နှစ်စဉ်ပြောင်းလာကြသလို မွန်အမျိုးသားပညာရေးကျောင်းများမှလည်း ကျောင်းပြောင်းလာသူများ ရှိကြပါတယ်။ ထို့အတူ လူမှုဝန်ထမ်း မူကြိုကျောင်းများမှလည်း သူငယ်တန်း ကျောင်းသူ၊ ကျောင်းသားများအဖြစ် ပြောင်းရွှေ့လာသူများရှိကြပါတယ်။ ထိုသို့ ကျောင်းသားကျောင်းသူဦးရေ အရေအတွက်မှာ နှစ်စဉ်ဝင်ရောက်များပြားလာခြင်းကြောင့် စာသင်ခန်း အရေအတွက်မလုံလောက်မှု၊ နည်းပါးမှုဖြစ်ပေါ်စေခြင်း၊ စာသင်ခန်းတစ်ခန်းအတွင်း ကျောင်းသား ဦးရေ နေရာပိုမိုချထားရခြင်းများဖြစ်ပေါ်စေခြင်း စသည့်အခက်အခဲဖြစ်ပေါ်စေမှုတို့ကို ဖြေရှင်းပေး နိုင်ရန်အတွက် လာမည့်ဘဏ္ဍာရေးနှစ်တွင် (၁၂၀ x ၃၀ x ၂၀) ပေ RC နှစ်ထပ်ကျောင်းဆောင် အသစ်(၁)ဆောင်ကို လျာထားဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၄၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၄၇။**

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ကျွန်တော်မှ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်း က ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးဆန်းမြင့် ရဲ့ မေးခွန်းဖြစ်သော ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်၊ ကွင်းသုံးဆင့်ကျေးရွာအုပ်စု၊ ကွင်းသုံးဆင့်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ ပျက်စီး ယိုယွင်းနေသော အန္တရာယ်ရှိကျောင်းဆောင်အား ဖျက်သိမ်း၍ ကျောင်းဆောင်သစ် ဆောက်လုပ် ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းနဲ့ စပ်လျဉ်း၍ ဦးစွာဖြေကြားတင်ပြပါမယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ယခုဘဏ္ဍာရေးနှစ်အတွင်း ကိုယ်စားလှယ် တော်ကြီး၏မဲဆန္ဒနယ် ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်အတွင်းမှာ အန္တရာယ်ရှိကျောင်း ဆောင်များ ဖျက်သိမ်းပြီးတော့ အသစ်ဆောက်လုပ်ပေးရန်ကျောင်း (၆)ကျောင်း၊ တိုးချဲ့အသစ် ဆောက်လုပ်တဲ့ကျောင်း (၅)ကျောင်း၊ စာကြည့်တိုက်နဲ့ မီဒီယာဆောက်လုပ်ရန် (၁) ကျောင်း

စုစုပေါင်း ကျောင်း(၁၂)ကျောင်းအတွက် ငွေကျပ်သန်းပေါင်း(၉၆၈.၇)သန်း ခွဲဝေလျာထား ဆောင်ရွက်ပေးခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ကျောင်းအနေဖြင့် ကျွန်တော်တို့ ရေကြည်မြို့နယ်၊ ကွင်းသုံးဆင့်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ အန္တရာယ်ရှိကျောင်းဆောင် ဖျက်သိမ်းခွင့်အတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ ၎င်းကျောင်းဆောင်အစား (၁၀၀ x ၃၀)ပေ RCC နှစ်ထပ်ဆောင်(၁)ဆောင် ဆောက်လုပ်ရန်အတွက် လိုအပ်သောရန်ပုံငွေကို ယခုလာမယ့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၏ ငွေလုံးငွေရင်း(တည်ဆောက်ရေး) ရန်ပုံငွေခေါင်းစဉ်အောက်တွင် စိစစ်လျာထားပြီးဖြစ်ပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။

ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမြင့်နိုင်ရဲ့ မေးခွန်းဖြစ်သော ကျောက်တော်မြို့နယ်အတွင်း ခွဆုံအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ မတင်မှိုင်ချောင်း အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် ကောက်ကျိုက်အခြေခံပညာမူလတန်းလွန်ကျောင်းတို့တွင် ကျောင်းဆောင်သစ်တစ်ဆောင်စီကို ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ ဆိုတဲ့ မေးခွန်းအပေါ် ဆက်လက်ဖြေကြားတင်ပြပါမယ်။

ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ယခုဘဏ္ဍာရေးနှစ်အတွင်း ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်အတွင်းမှာ အန္တရာယ်ရှိကျောင်းဆောင်ဖျက်သိမ်း၍ အသစ်ဆောက်လုပ်ပေးရန် (၆)ကျောင်း၊ တိုးချဲ့အသစ်ဆောက်လုပ်ပေးရန်(၈)ကျောင်း၊ ဝန်ထမ်းအိမ်ရာဆောက်လုပ်ပေးရန် (၂)ကျောင်း၊ စာကြည့်တိုက်၊ မီဒီယာဆောက်လုပ်ရန် (၁)ကျောင်း၊ စုစုပေါင်းကျောင်း (၁၇)ကျောင်းအတွက် ငွေကျပ်သန်းပေါင်း (၁၇၃၁.၃၆)သန်း ခွဲဝေဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဦးစွာတင်ပြပါတယ်။

ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ် မတင်မှိုင်ချောင်းအခြေခံပညာမူလတန်းလွန်ကျောင်းမှာ (၆၀ x ၃၀)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာတစ်ထပ်ဆောင် (၁)ဆောင်၊ ယခု ကျောင်းတက်နေတဲ့ ကျောင်းသားဦးရေမှာ (၁၀၃)ဦး ရှိပါတယ်။ ထိုနည်းတူစွာ ကောက်ကျိုက်အခြေခံပညာမူလတန်းကျောင်းမှာ (၄၅ x ၂၄)ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင် (၁)ဆောင်ရှိပြီး ယခုနှစ်ကျောင်းတက်နေတဲ့ ကျောင်းသားဦးရေပေါင်း (၄၄)ဦးရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အတွက် ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနနဲ့ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ကျောက်တော်မြို့၊ မတင်မှိုင်ချောင်း အခြေခံပညာမူလတန်းလွန်ကျောင်းမှာ (၁၂၀ x ၃၀)ပေ RCC တစ်ထပ်ဆောင် (၁)ဆောင် ဆောက်လုပ်ပေးရန်အတွက် လိုအပ်သောရန်ပုံငွေကို ယခုလာမည့်

၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(တည်ဆောက်ရေး)ရန်ပုံငွေ ခေါင်းစဉ်အောက်မှာ လျာထား ဆောင်ရွက်ပြီးဖြစ်ပါကြောင်းနဲ့ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ကျောင်းတွေဖြစ်တဲ့ ခွဆုံအခြေခံ ပညာအထက်တန်းကျောင်း (ခွဲ)၊ ကောက်ကျိုက်အခြေခံပညာ မူလတန်းလွန်ကျောင်းတို့မှာ (၁၂၀ x ၃၀) ပေ RCC တစ်ထပ်ဆောင်(၁)ဆောင်စီကို ၂၀၂၁–၂၀၂၂ ဘဏ္ဍာရေးနှစ်မှာ ထပ်မံခွဲဝေလျာထားပေး ပြီးဖြစ်ပါကြောင်း ရှိသေစွာတင်ပြပါတယ်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးကျော်တုတ် ရဲ့ မေးခွန်းဖြစ်သော ပညာသင်ထောက်ပံ့ကြေးများကို အခြေခံ ပညာရေးကဏ္ဍ၊ နည်းပညာနှင့်သက်မွေးပညာရေးကဏ္ဍ၊ အဆင့်မြင့်ပညာရေးကဏ္ဍတို့တွင် မည်သို့ လျှောက်ထားရွေးချယ်ပြီး မည်မျှဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းလို့ ဖြေကြား တင်ပြသွားမှာဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့မေးခွန်းအတွက် အသေးစိတ်တင်ပြရန်လိုအပ်သည့် အတွက် Power Point အသုံးပြုခွင့်ပြုပါရန်တင်ပြအပ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အခြေခံ ပညာကဏ္ဍ ပညာသင်ထောက်ပံ့ကြေးရွေးချယ်ချီးမြှင့်ခြင်းဆိုင်ရာ သတ်မှတ်ချက်များ ဖြစ်ပါတယ်။ အဓိကအားဖြင့် မိဘမဲ့ဖြစ်ခြင်း၊ ဆင်းရဲနွမ်းပါးသည့် မိသားစုမှအတူနေထိုင်သူများဖြစ်ခြင်း၊ ဖခင် ကွယ်လွန်ပြီး ဆင်းရဲနွမ်းပါးသည့်မိခင်နှင့် အတူနေထိုင်သူများ၊ အဲဒီမှာ ဒီ နွမ်းပါးပုံခြင်းတူရင် ညီအစ်ကိုမောင်နှမများသူကို ဦးစားပေးရွေးချယ်ပါကြောင်း တင်ပြပါတယ်။ မိခင်ကွယ်လွန်ပြီး ဆင်းရဲ နွမ်းပါးသည့် ဖခင်နဲ့အတူနေထိုင်သူများ ကျောင်းသားချင်းအခြေအနေတူရင် ညီအစ်ကိုမောင်နှမများ သူကို ဦးစားပေးပါတယ်။

ဒီအထက်တင်ပြထားတဲ့ အပိုဒ်တွေမှာမကိုက်ညီဘဲ မိဘနှစ်ပါးသက်ရှိထင်ရှားရှိသော် လည်း နွမ်းပါးနေတယ်၊ ကျောင်းနေရန်ခက်ခဲတဲ့ကလေးများဖြစ်လျှင် ကိုယ်စားလှယ်တော်ကြီးတွေ စိုးရိမ်သကဲ့သို့ ကျောင်းထွက်ရန် ဖြစ်နိုင်ချေများတဲ့ကလေးများဖြစ်လျှင်လည်း ကျွန်တော်တို့ ရွေးချယ်ပေးပါတယ်။ ဒါ့အပြင် စာကြိုးစားသူ၊ အကျင့်စာရိတ္တကောင်းမွန်ပြီး ကျောင်းစည်းကမ်း လိုက်နာသူများကိုလည်း ရွေးချယ်ပါကြောင်း မူ အနေနဲ့တင်ပြအပ်ပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့ အခြေခံပညာဦးစီးဌာနရှိ အခြေခံပညာကျောင်းများမှာ ပညာသင်ထောက်ပံ့ကြေးများကို အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်နိုင်ရေးအတွက် ၂၀၁၂ – ၂၀၁၃ ပညာသင်နှစ်မှစ၍ ၂၀၁၅ – ၂၀၁၆ ပညာသင်နှစ်အထိ ကျောင်းသူ၊ ကျောင်းသား ပေါင်း (၁၉၄၆၁၆)ဦးကို ကျွန်တော်တို့ ရွေးချယ်ခဲ့ပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနမှ အစိုးရသစ်တာဝန်ယူပြီးတဲ့နောက် ၂၀၁၆ – ၂၀၁၇ ပညာသင်နှစ်မှစ၍ ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ် အထိ ကျောင်းသား၊ ကျောင်းသူပေါင်း (၈၇၂၂၆၈)ဦး တိုးမြှင့်ချီးမြှင့်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

ဒီ ချီးမြှင့်တဲ့ပမာဏအနေနဲ့ အခြေခံပညာအတန်းစဉ်အလိုက် ကျောင်းဆက်လက်တက်ရောက်ရန် အခက်အခဲရှိတဲ့ ကျောင်းသူ၊ ကျောင်းသားများကို တစ်လလျှင် မူလတန်းအဆင့်အတွက် ငွေကျပ် (၅၀၀၀)နှုန်း၊ အလယ်တန်းအဆင့်အတွက် ငွေကျပ်(၈၀၀၀)နှုန်း၊ အထက်တန်းအဆင့်အတွက် ငွေကျပ် (၁၀၀၀၀)နှုန်းဖြင့် ပညာသင်နှစ်တစ်နှစ်ကို (၁၀)လစာ ချီးမြှင့်ထောက်ပံ့ပေးခဲ့ပါကြောင်း တင်ပြပါတယ်။

ဒါတွေကတော့ ကျွန်တော်တို့ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်ကနေ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အထိ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ပညာသင်ထောက်ပံ့ကြေးပေးခဲ့တဲ့ ကျောင်းသားဦးရေနဲ့ ဆောင်ရွက်ခဲ့တဲ့ ထောက်ပံ့ငွေစာရင်းချုပ် ဖြစ်ပါတယ်။ ဒါကတော့ တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးနဲ့ နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် ဆောင်ရွက်ပြီးစီးမှု ၂၀၁၆ ခုနှစ်အထိ ဆောင်ရွက်ခဲ့တာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ထိုနည်းတူစွာပဲ ကျွန်တော်တို့ အစိုးရသစ်လက်ထက် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်ကနေ ယခုနှစ်ထိ ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းများ အသေးစိတ်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါကတော့ ပညာသင်နှစ်အလိုက် ပညာသင်ထောက်ပံ့ကြေး တိုးမြှင့်ဆောင်ရွက်မှု ဖြစ်ပါတယ်။ အဲဒီမှာတော့ နှစ်အလိုက် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် စုစုပေါင်းဆောင်ရွက်မှုကို တင်ပြထားခြင်းဖြစ်ပါတယ်။ ဒီဟာကတော့ ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီးမေးခွန်းမှာပါတဲ့အတိုင်းပဲ မူလတန်းအဆင့်အလိုက် ပညာသင်ထောက်ပံ့ကြေးပေးခဲ့ပုံကို တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အသေးစိတ်နှိုင်းယှဉ်ဇယား ဖြစ်ပါတယ်။ ဒါကတော့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့အတိုင်းပဲ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အလယ်တန်းအဆင့် ကျောင်းသားများအတွက် ပညာသင်ထောက်ပံ့ကြေး အသေးစိတ် နှိုင်းယှဉ်ဇယားဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ထိုနည်းတူစွာပဲ ကိုယ်စားလှယ်တော်ကြီးသိလိုသော တိုင်းဒေသကြီး/ပြည်နယ်အလိုက် အထက်တန်းအဆင့် ပညာသင်ထောက်ပံ့ကြေးပေးခဲ့တဲ့ နှိုင်းယှဉ်ဇယားဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီ ပညာသင်ထောက်ပံ့ကြေးပေးအပ်တဲ့ ကျောင်းသားဦးရေနှုန်းအနေနဲ့ပြောရင် မူလတန်းအဆင့်အတွက် ကျောင်းသား၊ ကျောင်းသူဦးရေ (၂၀၀၀၀)ဦးရှိတဲ့ မြို့နယ်များမှာ (၄)ဦးနှုန်း ကျောင်းသား၊ ကျောင်းသူဦးရေ (၂၀၀၀၀)ဦးကနေ (၅၅၀၀၀)ဦးအထိ မြို့နယ်များမှာ (၆)ဦးမှ (၈)ဦးနှုန်း၊ ဒါ ကျောင်းသား၊ ကျောင်းသူဦးရေ(၅၅၀၀၀)ဦးမှအထက် (၈၀၀၀၀)ဦးအထိ မြို့နယ်များမှာ(၁၀)ဦးမှ (၁၄)ဦးအထိ မူလတန်းအဆင့်အတွက် ဆောင်ရွက်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ အလယ်တန်းအဆင့်နဲ့ အထက်တန်းအဆင့်များအတွက် ကျောင်းသား၊ ကျောင်းသူဦးရေ (၂၀၀၀၀)ဦးအောက်ရှိ မြို့နယ်များမှ(၂)ဦးနှုန်း၊ ကျောင်းသား၊ ကျောင်းသူဦးရေ (၂၀၀၀၀)ဦးမှအထက် (၅၅၀၀၀)ဦးအထိမြို့နယ်များတွင် (၃)ဦးမှ (၄)ဦးနှုန်း၊ ကျောင်းသား၊ ကျောင်းသူဦးရေ (၅၅၀၀၀)ဦးမှအထက်(၈၀၀၀၀)ဦးအထိ မြို့နယ်များတွင် (၅)ဦးမှ(၇)ဦးနှုန်း ဆောင်ရွက်ခဲ့ပါကြောင်း

တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၄ - ၂၀၁၅ ပညာသင်နှစ်မှာ အထူးပညာသင် ထောက်ပံ့ကြေး(၈)မြို့နယ် ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။

နောက်ဆက်လက်ပြီး ၂၀၁၅ - ၂၀၁၆ ပညာသင်နှစ်မှာ အထူးပံ့ပိုးပေးတဲ့မြို့နယ် (၁၉)မြို့နယ် နောက် ၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်မှာ ထပ်တိုး(၂၈)မြို့နယ်ပေါင်းပြီးတော့ စုစုပေါင်း (၅၅)မြို့နယ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ နောက် ဆက်လက်ပြီး ၂၀၁၉ - ၂၀၂၀ မှာ ရခိုင်ပြည်နယ်အတွင်းရှိ မင်းပြားနဲ့ ပေါက်တော(၂)မြို့နယ်ကို ဇန်နဝါရီလမှ မတ်လအထိ(၃)လစာ မူလတန်းအဆင့် Grade-5 မှ Grade-9 အထိ ကျောင်းတက်တဲ့ ကျောင်းသူ၊ ကျောင်းသားအားလုံးကို ကျွန်တော်တို့ အားလုံးထောက်ပံ့ပေးခဲ့ပါကြောင်း စုစုပေါင်း(၅၇)မြို့နယ်ထိ ဆောင်ရွက်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ အဲဒီတော့ ဒီ ဆောင်ရွက်ချက်တွေဟာ ဒေသဖွံ့ဖြိုးမှုအားနည်းတဲ့ နောက်တစ်ခါ တိုးတက်မှုအရ လိုအပ်တဲ့မြို့နယ်များကို အခြေခံပြီးတော့ ဒီဒေသတွေရွေးချယ်မှုသည် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် (Public Consultation Meeting)တွေလုပ်ပြီး တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ များရဲ့ အတည်ပြုချက်ဖြင့် ရွေးချယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ ဆက်လက်ပြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှစပြီး ကျွန်တော်တို့ သွားရေး လာရေး ခက်ခဲတဲ့မြို့နယ်(၁၂၆)မြို့နယ်မှာရှိတဲ့ ကျောင်းသား၊ ကျောင်းသူ (၅၃၇၆)ဦးကိုသာ ထပ်မံ ဖြည့်စွက်ရွေးချယ်ခဲ့ပါတယ်။ ဒ့ါအပြင် မျက်မမြင်ကျောင်း(၇)ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ (၃၅၁)ဦး၊ နားမကြားသူ ကျောင်းသူ၊ ကျောင်းသား(၆၆၅)ဦး၊ ဒေင်မသန်စွမ်းသက်ငယ် ပြုစုရာရိပ်မြုံ ကျောင်းသား၊ ကျောင်းသူ (၂၁၃)ဦးတို့ကို ထပ်ဆောင်း ပညာသင်ထောက်ပံ့ကြေးအဖြစ် ချီးမြှင့်ခဲ့ ပါတယ်။

ဒ့ါအပြင် ယခု ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဘယ်နား နေနေ မသန်စွမ်းကျောင်းသား၊ ကျောင်းသူများအားလုံး အထက်တန်းအဆင့်အထိ (၉)လစာနှင့် မူလတန်းအဆင့်အထိ (၈)လစာ ပညာသင်ချီးမြှင့်မှုအတွက် မသန်စွမ်းကျောင်းသူ၊ ကျောင်းသားအားလုံး (၁၂၇၅၅)ဦးအတွက် ငွေကျပ်သန်းပေါင်း(၆၈၈.၅၈)သန်း လျာထားဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒါကတော့ တိုင်းဒေသကြီး/ပြည်နယ်အလိုက် မသန်စွမ်းကျောင်းသူ၊ ကျောင်းသား များအားလုံးကို မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် ထောက်ပံ့ခဲ့ပုံအသေး စိတ်ဇယားဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ အခြေခံပညာကျောင်းသား တွေအတွက် ဒါ ကျောင်းသူ၊ ကျောင်းသားတွေ ပညာသင်ထောက်ပံ့တာနဲ့ ဒီ အထူးလိုအပ်တဲ့ မသန်စွမ်းကျောင်းသူ၊ ကျောင်းသားများအားလုံးကို ထောက်ပံ့ခဲ့ကြောင်း တင်ပြခဲ့ခြင်းဖြစ်ပါတယ်။

ဆက်လက်ပြီး အဆင့်မြင့်ပညာကဏ္ဍအတွက် ကျွန်တော်တို့ ပညာသင်ထောက်ပံ့ကြေးကို တင်ပြပါမယ်။ ဆင်းရဲနွမ်းပါးသဖြင့် တက္ကသိုလ်ပညာကို ဆက်လက်သင်ကြားရန် အခက်အခဲရှိသူ

နောက် ဒီမြို့နယ်အတွင်း နွမ်းပါးမှုအခြေအနေတူရင် ပညာတော်သူကို ကျွန်တော်တို့ ဦးစားပေးပါတယ်။ နောက်မိဘနှစ်ဦးနဲ့ မိမိကိုယ်တိုင်(၃)ဦးလုံး တိုင်းရင်းသားနိုင်ငံသားဖြစ်ဖို့လိုပါတယ်။ ပညာသင်ထောက်ပံ့ကြေးကို နှစ်စဉ်တစ်လသတ်မှတ်နှုန်းနဲ့ စာမေးပွဲကျရှုံးနှုန်းမရှိလျှင် ဘွဲ့ရသည်အထိ တောက်လျှောက်ချီးမြှင့်ပါတယ်။ တက္ကသိုလ်ကောလိပ် ပြောင်းရွှေ့သင်ကြား သွားရင်တော့ အဲဒီကျောင်းမှာ ပေးနိုင်တဲ့အနေအထားအရပဲ စဉ်းစားပါတယ်။ ပညာသင်ထောက်ပံ့ကြေးကိုတော့ မိသားစု တစ်အိမ်ထောင်လျှင် တစ်ဦးသာခံစားခွင့်ရှိပါတယ်။

စာမေးပွဲကျရှုံးလျှင် ပညာသင်ထောက်ပံ့ကြေးက ဆိုင်းရှုံးမှာဖြစ်ပါတယ်။ သို့သော် အောင်မြင်ရင်တော့ ပြန်လည်လျှောက်ထားနိုင်ပါကြောင်း တင်ပြအပ်ပါတယ်။ ပညာသင်ထောက်ပံ့ကြေးရရှိသူများက အကျင့်စာရိတ္တပျက်ပြားတယ် ပြစ်မှုကျူးလွန်ရင်တော့ ထောက်ပံ့ကြေးရပ်ဆိုင်းခြင်းခံရမှာဖြစ်ပါတယ်။ ကျောင်းနဲ့ကျောင်းဆောင်စည်းကမ်းများဖောက်ဖျက်ရင် ထောက်ပံ့ကြေးရပ်ဆိုင်းခြင်းခံရမှာ ဖြစ်ပါတယ်။ ဒီ ပညာသင်ထောက်ပံ့ကြေးရပေမယ့် ဒီ ထောက်ပံ့ကြေးကို ဆက်လက်ရရှိရန်မလိုအပ်တော့တဲ့ အချက်များတွေ့ရှိရင်လည်း ရပ်ဆိုင်းမှာဖြစ်ပါတယ်။ ပညာသင်ထောက်ပံ့ကြေးရရှိသူသည် ဒီသင်တန်းပြီးဆုံးသည့်အချိန်မှစ၍ နိုင်ငံတော်ကအလိုရှိလျှင် အမှုထမ်းပါမယ်လို့ ကတိခံဝန်ချက် ရေးထိုးရပါတယ်။ ပညာသင်ထောက်ပံ့ကြေးရသူများအတွက် ပြဋ္ဌာန်းထားသော သီးခြားကတိခံဝန်ချက်ကို လက်မှတ်ရေးထိုးရပါမယ်။

တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေးစစ်ဆေးရေးအဖွဲ့က အိမ်တိုင်ရာရောက် စစ်ဆေးမှုဆောက်ရွက်ရမှာဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနမှာ အဆင့်မြင့်ပညာကဏ္ဍအတွက် ထောက်ပံ့ကြေးများပေးအပ်ရန်မှာ ဆင်းရဲနွမ်းပါးသဖြင့် တက္ကသိုလ်ပညာရပ်ကိုသင်ကြားရန် အခက်အခဲရှိသူများ မြို့နယ်ခွဲတမ်းအလိုက် နှစ်စဉ်ပေးအပ်ခဲ့ပါတယ်။ ဒီဆိုင်ရာတက္ကသိုလ်နဲ့ ပညာသင်ထောက်ပံ့ကြေးစိစစ်ရေးကော်မတီများဖွဲ့စည်းပြီး မူများသတ်မှတ်ပြီး အကြမ်းဖျင်းအားဖြင့် ပထမနှစ်နေ့သင်တန်းများ၏ (၁၀)ရာခိုင်နှုန်း၊ ဝေးလံခေါင်ဖျားဒေသများအတွက် (၁၀)ရာခိုင်နှုန်းအထက် ချီးမြှင့်ခဲ့ပါတယ်။ ထူးခြားတဲ့အခြေအနေနဲ့ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တို့မှာ (၁၂)ရာခိုင်နှုန်း၊ ရခိုင်ပြည်နယ်အတွက် (၁၅)ရာခိုင်နှုန်း ရွေးချယ်သတ်မှတ်ပါကြောင်း တင်ပြအပ်ပါတယ်။

အဲဒီတော့ အဆင့်မြင့်ပညာကဏ္ဍမှာတော့ (၁)လလျှင် ကျပ်(၃၀၀၀၀)နှုန်း ကျွန်တော်တို့ထောက်ပံ့ပါတယ်။ ဝိဇ္ဇာ/သိပ္ပံ၊ နည်းပညာ၊ ကွန်ပျူတာ၊ ဆေးနှင့်ဆေးနီးနွယ် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူစုစုပေါင်း (၁၀၃၈၈)ဦးအတွက် ငွေကျပ်သန်းပေါင်း (၆၁၈၈) ချီးမြှင့်ခဲ့ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက်လည်း ကျောင်းသား၊ ကျောင်းသူဦးရေပေါင်း (၉၈၅၄) အဆင့်မြင့်ပညာကဏ္ဍအတွက် ချီးမြှင့်ရန်လျာထားပါတယ်။ ဒီ ကျွန်တော်တို့ ထူးခြားတဲ့အခြေအနေအရတော့ ပညာရေးတက္ကသိုလ်မှာတက်ရောက်နေတဲ့ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းတက်နေစဉ်ကာလအတွင်း (၁)လလျှင် ကျပ်(၃၀၀၀၀)နှုန်း ထောက်ပံ့ပါတယ်။

ပညာရေးကောလိပ်များတွင် ဖွင့်လှစ်တဲ့ လုပ်ငန်းခွင်အကြို ဆရာအတတ်သင် ပညာသင်တန်း တက်ရောက်တဲ့ ကျောင်းသူ၊ ကျောင်းသားများ၊ ပညာရေးကောလိပ်တက်တဲ့ ကျောင်းသူ၊ ကျောင်းသား များအားလုံးကို ကျွန်တော်တို့ (၁)လလျှင် ကျပ်(၃၀၀၀၀)နှုန်း ချီးမြှင့်ပြီး ဒီတန်းပြဆင်းတဲ့ အလုပ်သင် ကာလအတွက်လည်း (၁)ရက်လျှင် ကျပ်(၁၀၀၀)နှုန်း ထောက်ပံ့ပေးပါကြောင်းတင်ပြအပ်ပါတယ်။

ဒီဟာကတော့ ကျွန်တော်တို့ အဆင့်မြင့်ပညာကဏ္ဍမှာ ကဏ္ဍအလိုက်ထောက်ပံ့မှု အသေးစိတ်ဇယားဖြစ်ပါတယ်။ နည်းပညာနဲ့ အသက်မွေးပညာရေးနဲ့ လေ့ကျင့်ရေးကဏ္ဍမှာတော့ ကျောင်းသူ၊ ကျောင်းသားကလည်းအနည်းဆုံးဖြစ်ပါတယ်။ သောင်းဂဏန်းပဲဖြစ်ပါတယ်။ အဲဒီ အတွက် ခုနက ကိုယ်စားလှယ်တော်ကြီးအမိန့်ရှိသလိုပဲ တက်ရောက်သူအားလုံးအတွက် ပညာသင် ထောက်ပံ့ကြေးပေးပါတယ်။ သို့သော် စာမေးပွဲကျရင်တော့ ပညာသင်ထောက်ပံ့ကြေး ဆုံးရှုံးမှာ ဖြစ်ပါတယ်။ ကျောင်းပြောင်းရွှေ့သွားရင်တော့ အဲဒီ သက်ဆိုင်ရာကျောင်းကျတော့မှပဲ ထပ်ပြီး လျှောက်ဖို့ဖြစ်ပါတယ်။

နောက်တစ်ခါ စည်းကမ်းဖောက်ဖျက်လို့ ပြစ်မှုကျူးလွန်သော ကျောင်းသားစာရင်းအား၊ စာမေးပွဲကျလို့ ကျောင်းသားစာရင်းအားပယ်ဖျက်ခံရရင် ဒါ ပညာသင်ထောက်ပံ့ကြေးဆုံးရှုံးပါတယ်။ သို့သော် စာမေးပွဲပြန်အောင်ရင်တော့ လျှောက်ထားခွင့်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒီနည်း ပညာနဲ့အသက်မွေး ပညာရေးနဲ့ လေ့ကျင့်ရေးကဏ္ဍအတွက် ကျွန်တော်တင်ပြသလိုပဲ တက်တဲ့ ကျောင်းသားဟာအနည်းဆုံးပဲဖြစ်ပါတယ်။ သောင်းဂဏန်းပဲရှိတဲ့အတွက် နည်းပညာကောလိပ်ပဲ တက်တက်၊ စက်မှုလက်မှုသိပ္ပံပဲ တက်တက်၊ G.T.H.S ပဲတက်တက်၊ တက်ရောက်သူမှန်သမျှကို (၁)လကို ကျပ်(၃၀၀၀၀)နှုန်းနဲ့ သင်တန်းတက်ရောက်တဲ့ကာလအတွင်း ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပါကြောင်းတင်ပြအပ်ပါတယ်။

ဒါကတော့ ကိုယ်စားလှယ်တော်ကြီးအမိန့်ရှိသလိုပဲ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သူတို့တက်တဲ့ သင်တန်းအလိုက်၊ နှစ်အလိုက် ပညာသင်ထောက်ပံ့ကြေးပေးခဲ့တဲ့ အသေးစိတ်ဇယား ဖြစ်ပါတယ်။ ကျွန်တော်တို့ ချုပ်ပြီးပြောရင် ၂၀၁၆ – ၂၀၁၇ ပညာသင်နှစ်မှစပြီး ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်အတွက် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျောင်းသား၊ ကျောင်းသူပေါင်း ဒါ နည်းပညာနဲ့အသက်မွေးပညာကဏ္ဍမှာ စုစုပေါင်း (၇၀၂၇၃)ဦး ထောက်ပံ့ငွေ ကျပ်သန်းပေါင်း (၂၁၆၄၄.၃၁၀၅) ချီးမြှင့်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

ကျွန်တော် စတုတ္ထမေးခွန်းဖြစ်တဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးနိုင်သီဟ ရဲ့ မေးခွန်းအား ဆက်လက်တင်ပြပါမယ်။ ဦးနိုင်သီဟ ရဲ့ မေးခွန်းမှာ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ကော့ဒွတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှာ (၁၂၀ x ၃၀ x ၂၀) ပေ RC နှစ်ထပ်ကျောင်းဆောင်အသစ် (၁)ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်

ရှိ/မရှိ ဆိုတဲ့မေးခွန်း ဆက်လက်တင်ပြပါမယ်။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ အခု ဘဏ္ဍာရေးနှစ်အတွင်း ဒါ ကိုယ်စားလှယ်တော်ကြီးရဲ့ မဲဆန္ဒနယ် မွန်ပြည်နယ်၊ ရေးမြို့နယ် အတွင်းမှာ အန္တရာယ်ရှိကျောင်းဆောင်ဖျက်သိမ်းပြီး အသစ်ဆောက်လုပ်ဖို့ ကျောင်း(၄)ကျောင်း၊ တိုးချဲ့အသစ်ဆောက် လုပ်ဖို့ကျောင်း(၄)ကျောင်း၊ လွှတ်တော်ကတိကဝတ်အရ အသစ်ဆောက်လုပ်ပေးတဲ့ ကျောင်း(၁) ကျောင်း၊ နောက်ဝန်ထမ်းအိမ်ရာအသစ်(၁၃) ကျောင်း၊ စုစုပေါင်း (၂၂)ကျောင်း၊ ငွေကျပ်သန်းပေါင်း (၂၆၇၂.၈၅)အတိုင်း ဆောင်ရွက်ပေးနေကြောင်း ဦးစွာတင်ပြအပ်ပါတယ်။

ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ရေးမြို့နယ် ကော့ဒွတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှာ (၁၂၀ x ၃၀) ပေ RCC တစ်ထပ်ဆောင် ဆောက်လုပ်ပေးရန်အတွက် ကိုယ်စားလှယ်တော်ကြီးရဲ့ မြို့နယ်မှာ ဒီနှစ်ဦးစားပေးမှာ မပါ ပါဘူး။ သို့သော် ၂၀၂၁–၂၀၂၂ ဘဏ္ဍာရေးနှစ်မှာတော့ ဘဏ္ဍာငွေလျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ကျန်းမာရေးမှူးကောင်စီ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၁:၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျန်းမာရေးမှူးကောင်စီ ဥပဒေကြမ်းကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ၅–၂–၂၀၂၀ ရက်နေ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၃)ရက်မြောက်နေ့ ၂၅–၃–၂၀၂၀ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ကျန်းမာရေးမှူးကောင်စီ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ကျန်းမာရေးမှုးကောင်စီ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁:၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၆-၇-၂၀၂၀ (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှုးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် ဒုတိယနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁:၁၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၄ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှုး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှုး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၁:၁၁ နာရီအချိန်တွင် ရပ်နားပါသည်။]